International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၅။ အလုပ်သမားစစ်ဆေးရေးအရာရှိများ၏ အခန်းကဏ္ဍ

ယခု သင်ခန်းစာသည် ကလေးအလုပ်သမားခိုင်းစေခြင်းကို ကာကွယ်ရာနှင့် ဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏တရားဥပဒေမူဘောင်နှင့် အလုပ်သမားစစ်ဆေးရေးအရာရှိများ၏ အခန်းကဏ္ဍကို နားလည်စေလိမ့်မည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု –** အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၅) အလုပ်သမား စစ်ဆေးရေးအရာရှိများ၏ အခန်းကဏ္ဍ။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံး အဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © ရန်နောင်ဖြိုး/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လွဲကေခိုင်၊ စောဆာကပေါ၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ


**သင်ခန်းစာ ၁**

ကလေးအလုပ်သမား ခိုင်းစေခြင်းအရေးကိစ္စတွေကို ဘယ်သူ့ကို တိုင်လို့ရပါသလဲ။ ........................ ၁

**သင်ခန်းစာ ၂**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ........................................................................... ၃

**သင်ခန်းစာ ၃**

ဘယ်သူက ဘာကိုလုပ်မလဲ ................................................................................... ၃

**သင်ခန်းစာ ၄**

အလုပ်သမားစစ်ဆေးရေးအရာရှိ၏ အရေးယူဆောင်ရွက်မှုများ .................................................. ၇

**သင်ခန်းစာ ၅**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း .......................................................................... ၁၇

**သင်ခန်းစာ ၆**

အနှစ်ချုပ် ........................................................................................................ ၁၉

**နောက်ဆက်တွဲ အဖြေများ** ........................................................................ ၂၁

သင်ခန်းစာ ၁/၆

# ကလေးအလုပ်သမား ခိုင်းစေခြင်းအရေးကိစ္စတွေကို ဘယ်သူ့ကိုတိုင်လို့ရပါသလဲ။

မိုဟာမက်၊ နှိုးနှိုးနဲ့ ဖိုးဝတို့ အေးအေးကို ဘယ်လိုကယ်ဆယ်ခဲ့လဲ။

ဆက်လက်ဖတ်ရှုပါ။






**ကလေးအလုပ်သမား ခိုင်းစေခြင်းအရေးကိစ္စတွေကို ဘယ်သူ့ကိုတိုင်လို့ရပါသလဲ။**

သင်ခန်းစာ ၂/၆

## လေ့လာရခြင်း၏ရည်ရွယ်ချက်များ



မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားခိုင်းစေခြင်းနှင့် ပတ်သက်၍ ဥပဒေနှင့်စည်းမျဉ်း အများအပြားရှိပါသည်။ အလုပ်သမားဝန်ကြီးဌာ ၊ အလုပ်သမားစစ်ဆေးရေး အရာရှိများနှင့် အများပြည်သူတို့က ထိုဥပဒေများကို အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။ ယခုသင်ခန်းစာက သင့်အား အောက်ပါအရာများတွင် ကူညီပေးမည် ဖြစ်ပါသည်။

- အလုပ်သမားဝန်ကြီးဌာန၏ တာဝန်များကို နားလည်စေလိမ့်ပါမည်။
- မြန်မာနိုင်ငံရှိ အလုပ်သမားစစ်ဆေးရေးအရာရှိများ၏ တာဝန်များနှင့် ၄င်းတို့ကြုံတွေ့နေရသော စိန်ခေါ်မှုများကို နားလည်စေလိမ့်မည်။
- မြန်မာနိုင်ငံတွင် အလုပ်သမားစစ်ဆေးရေးအား မည်ကဲ့သို့ဖော်ဆောင်ရမည်ကို အကြမ်းဖျဉ်းဖော်ပြပေးပါလိမ့်မည်။
- အကယ်၍ အလုပ်သမားစစ်ဆေးရေးအရာရှိတစ်ဦးသည် လုပ်ငန်းခွင်တွင် ကလေးအလုပ်သမား ခိုင်းစေခြင်းကို တွေ့ရှိခဲ့လျှင် လုပ်ဆောင်ရမည့်အရေးယူမှုများကို နားလည်စေလိမ့်မည်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၃/၆

# ▶ ဘယ်သူက ဘာလုပ်မလဲ။

## အလုပ်သမား စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးရေး




လုပ်ငန်းခွင်စစ်ဆေးရေးများကို ကြိုတင်၍အသိပေးနိုင်သော်လည်း ကလေး အလုပ်သမားခိုင်းစေခြင်းကိစ္စရပ်များကို စစ်ဆေးနိုင်ရန်ရည်ရွယ်ပါက ရှောင်တခင် စစ်ဆေးမှုပြုလုပ်နိုင်ပါသည်။ အလုပ်သမားစစ်ဆေးရေးအရာရှိများသည် အလုပ်ရှင်ကို ကြိုတင်အသိမပေးဘဲ လုပ်ငန်းခွင်ကို ဝင်ရောက်စစ်ဆေးနိုင်ပါသည်။ ရှောင်တခင်စစ်ဆေးခြင်းဖြင့် အလုပ်ရှင်များအား အောက်ပါတို့မှ ကာကွယ်ပေးပါမည်။

- စစ်ဆေးရေးလုပ်နေစဉ်အတွင်း ကလေးအလုပ်သမားများကို ဖွက်ထားခြင်း
- စစ်ဆေးခြင်းမပြုမီ ကလေးအလုပ်သမားများအား အိမ်သို့ ပို့ဆောင်ခြင်း
- စစ်ဆေးသည့်နေ့တွင် ကလေးအလုပ်သမားများအား ၄င်းတို့၏ပုံမှန်ဘေးအန္တရာယ်ရှိသောတာဝန်များမှ ဖယ်ရှားခြင်း။

### အလုပ်သမားစစ်ဆေးရေးအရာရှိ၏ အခန်းကဏ္ဍ

အလုပ်သမားစစ်ဆေးရေးအရာရှိသည် ကလေးအလုပ်သမား ခိုင်းစေခြင်းများကို စစ်ဆေးရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပါသည်။

- ကလေးများနှင့် လူငယ်များသည် သင့်လျော်သော အလုပ်ချိန်၊ လုပ်ခလစာ၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး အစရှိသည်တို့ကိုရရှိရန် ပြဋ္ဌာန်းချက်များနှင့် အခြားဆက်နွယ်သောကိစ္စရပ်များတွင် အလုပ်သမားများအား ကာကွယ်ပေးရေးနှင့် လုပ်ငန်းခွင်အခြေအနေတို့နှင့် ဆက်နွယ်သော ဥပဒေကြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသက်ဝင်စေရန် လုပ်ဆောင်ခြင်း၊
- ဥပဒေကြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာရာတွင် အထိရောက်ဆုံးနည်းလမ်းများနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားများကို လုပ်ထုံးလုပ်နည်းဆိုင်ရာ အချက်အလက်နှင့် အကြံဉာဏ်များပေးခြင်း၊
- လက်ရှိဥပဒေကြောင်းဆိုင်ရာပြဋ္ဌာန်းချက်များဖြင့် အထူးတလည်ခြုံ ငုံမိခြင်းမရှိသော ချို့ယွင်းချက်များ သို့မဟုတ် အလွဲသုံးစားပြုမှုများကို တာဝန်ရှိသူများသတိထားမိစေရန် တိုင်ကြားခြင်း။
- အလုပ်သမားစစ်ဆေးရေးအရာရှိများက ပြဋ္ဌာန်းထားသည့် ဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် သော်လည်းကောင်း၊ စစ်ဆေးရေးအရာရှိများ၏ ချိုးဖောက်မှုများကို ဖုံးကွယ်ခြင်းနှင့်/သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စုံစမ်းစစ်ဆေးမှုကို အဟန့်အတားဖြစ်စေခြင်း အားလုံလောက်သောပြစ်ဒဏ်များချမှတ်ထားရပါမည်။
- အလုပ်သမားစစ်ဆေးရေးအရာရှိများသည် ကလေးအလုပ်သမားများ ဖုံးကွယ်ထားမှုမရှိစေရေးအတွက် အုပ်ချုပ်ရေး၊ အလုပ်သမားများ၊ အထူးသဖြင့် ကလေးငယ်များနှင့် သီးသန့်၊ လွတ်လွတ်လပ်လပ် တွေ့ဆုံ မေးမြန်းရပါမည်။

**မှတ်ချက်။** မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားဆိုင်ရာ အဓိကဥပဒေကို လေ့လာနိုင်ရန် **"သင်ခန်းစာ – ၁ ။ ကလေးအလုပ်သမားအရေး ကိစ္စက ဘယ်လောက်အရေးကြီးပါသလဲ"** ကို ရည်ညွှန်းနိုင်ပါသည်။

### အလုပ်သမား စစ်ဆေးရေးအရာရှိတစ်ဦးအတွက် စိန်ခေါ်မှုများ

တစ်စုံတစ်ယောက်က ကလေး အလုပ်သမားခိုင်းစေခြင်းအကြောင်း တိုင်ကြားသောအခါ အလုပ်သမား စစ်ဆေးရေးအရာရှိများသည် တတ်နိုင်သမျှ ခရေစေ့တွင်းကျ စစ်ဆေးရသည်။ ယင်းမှာ လုပ်ငန်းခွင် စစ်ဆေးမှုလုပ်စဉ်တွင် အောက်ပါ စိန်ခေါ်မှုများကို ကြုံတွေ့ရသောကြောင့် ဖြစ်ပါသည်။

- စစ်ဆေးမှုတစ်ခုကို လွယ်လွယ်ကူကူနားလည်စေရန်နှင့် ပြည့်ပြည့်စုံစုံတင်ပြနိုင်ရန် အသေးစိတ် စစ်ဆေးရပါသည်။
- ဝေးလံသော (သို့) ကလေးအလုပ်သမားကို ဖွက်ထားသော လုပ်ငန်းခွင်များကို စုံစမ်းရန်နှင့် ဝင်ရောက်စစ်ဆေးရန်တို့မှာ ကြုံလေ့ရှိသော အခက်အခဲများဖြစ်ပါသည်။
- ကလေးအလုပ်သမားပြဿနာကိုဖြေရှင်းရန်အလုပ်ရှင်များကိုအသိပညာနှင့် ကျွမ်းကျင်မှုများကို ပညာပေးခြင်းများလုပ်ဆောင်ပေးရပါမည်။

## လေ့လာမှုမှတ်တိုင်

**မည်သည့်အချက်များက အလုပ်သမားစစ်ဆေးရေးအရာရှိ၏ အခန်းကဏ္ဍကိုရှင်းပြသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

| | | |
|---|---|---|
| ☐ | က | အလုပ်ခွင်အခြေအနေများကို စစ်ဆေးခြင်း |
| ☐ | ခ | အလုပ်ရှင်များနှင့် အလုပ်သမားများကို ကလေးအလုပ်သမားရေးရာဥပဒေများကို မည်ကဲ့သို့ လိုက်နာရမည်ကို အသိပေးခြင်းနှင့် အကြံပေးခြင်း |
| ☐ | ဂ | လူငယ်အလုပ်သမားများ၏ အသက်အရွယ်ကို အတည်ပြုခြင်း |

## အလုပ်သမားစစ်ဆေးရေးမှာ ဘာတွေဖြစ်လေ့ရှိလဲ။

သင်ခန်းစာ ၄/၆

# ▶ အလုပ်သမား စစ်ဆေးရေးအရာရှိ၏ အရေးယူမှုများ

## အလုပ်သမား စစ်ဆေးရေးတွေ ဘယ်လိုဖြစ်လေ့ရှိပါသလဲ။

လုပ်ငန်းခွင်စစ်ဆေးခြင်း အမျိုးအစား သုံးမျိုးကို လေ့လာရန် အောက်ဖော်ပြပါပုံကိုကြည့်ပါ။




- ပုံမှန် စစ်ဆေးခြင်း – အလုပ်သမားစစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင်များကို အချိန်ဇယားအတိုင်း ပုံမှန် စစ်ဆေးလေ့ရှိပါသည်။ စစ်ဆေးရာတွင် လူငယ်အလုပ်သမားများ၏ အသက်အရွယ်နှင့် ကလေးအလုပ်သမားနှင့်ပတ်သက်သည့် အခြားလက္ခဏာများကို စစ်ဆေး လေ့ရှိကြပါသည်။

- အလုပ်ရှင်/ အလုပ်သမားများက လုပ်ငန်းခွင်စစ်ဆေးပေးရန် တောင်းဆိုခြင်းများ – အလုပ်ရှင်/ အလုပ်သမားများက တစ်ခါတစ်ရံတွင် အလုပ်သမား စစ်ဆေးရေးအရာရှိများကို လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးပေးရန် တောင်းဆို လေ့ရှိကြပါသည်။ ယင်းမှာပြဋ္ဌာန်းထားသော ဥပဒေအပေါ် နှစ်ဖက်နားလည်မှုလွဲမှား၍ အငြင်းပွါးပြီး တိုင်ကြားသောအခါမျိုးတွင် ဖြစ်ပါသည်။ ဤသင်တန်းနှင့်သက်ဆိုင်သည့် တိုင်ကြားမှုများသည် ကလေးအလုပ်သမားနှင့် သက်ဆိုင်ပါသည်။

- အရေးပေါ် စစ်ဆေးခြင်း – အလုပ်သမားစစ်ဆေးရေးအရာရှိများသည် အရေးပေါ် စစ်ဆေးရေးများကို ပြုလုပ်လေ့ရှိပါသည်။ လုပ်ငန်းခွင်တွင် မတော်တဆမှုဖြစ်ပေါ်ခဲ့ပါက ယခုကဲ့သို့ ပြုလုပ်လေ့ရှိပါသည်။

### လေ့လာဆန်းစစ်ခြင်း

အင်ဂျင်နီယာကြီးဖြစ်ချင်သူ ၁၅ နှစ်သား ဖိုးစနေ၏ ဇာတ်လမ်းလေးဖြစ်ပါသည်။ သူသည် တစ်နေ့လျှင် ၁၃ နာရီ လမ်းခင်းကျောက်ထုပြီး မိုဘိုင်းဖုန်း တစ်လုံးနှင့် မော်တော်ဆိုင်ကယ်တစ်စီးဝယ်ရန် ပိုက်ဆံစုနေပါသည်။

### အလုပ်သမား စစ်ဆေးရေးအရာရှိက ဖိုးစနေရဲ့ အခုကိစ္စမှာ ဘာလုပ်သင့်ပါသလဲ။

ဖိုးစနေရဲ့ ဇာတ်လမ်းကို ဖတ်ရှုပါ။

## မိုဘိုင်းဖုန်းတစ်လုံးနှင့် မော်တော်ဆိုင်ကယ်တစ်စီး

ကျွန်တော်တို့ မနက် ၅ နာရီဆို အလုပ်စပြီ။ ကျွန်တော်တို့ အလုပ်က ကျောက်တုံးအကြီးကြီးတွေကို အသေးဖြစ်သွားအောင် ခွဲရတာပါ။ ကျွန်တော့် နာမည်ကတော့ ဖိုးစနေပါ။ စနေနေ့မှာ မွေးခဲ့လို့ ဒီနာမည်ပေးခဲ့တာလို့ ပြောပါတယ်။ အသက်ကတော့ ၁၅ နှစ်ရှိပါပြီ။ ကျွန်တော် ဒီဘားအံနား ကျောက်ခွဲဆိုဒ်ကို ၂၀၁၄ ခုနှစ်မှာ ဦးလေးမိသားစုနဲ့ အတူ လိုက်ခဲ့တာပါ။ ကျွန်တော်တို့က ရန်ကုန်တိုင်း၊ တိုက်ကြီး မြို့နယ်ဘက်ကပါ။ ကျွန်တော်တို့ ဒီအဖွဲ့မှာ ၆ ယောက်ရှိပါတယ်။ ကျွန်တော့် ဦးလေးက ဒီဆိုဒ်ကို ကန်ထရိုက်ရလို့ လာလုပ်ကြတာပါ။

ကျောက်တစ်ကျင်းကို ၄,၀၀၀ ကျပ် ရပါတယ်။ အနက် ၁ပေ၊ ၁၀ပေ ပတ်လည်ကို တစ်ကျင်းလို့ ခေါ်ပါတယ်။ ကန်တာကား ၁ စီးလောက်ရှိပါတယ်။ တစ်ရက်ကို ၈ ကျင်းကနေ ၁၀ ကျင်းလောက်ထိ ပြီးပါတယ်။ ရတဲ့ ပိုက်ဆံကို အညီအမျှ ခွဲယူကြပါတယ်။ တစ်လကို ၁၅၀,၀၀၀ ကနေ ၂၀၀,၀၀၀ လောက်ထိရပါတယ်။ ညနေ ၆ နာရီဆိုရင်တော့ အလုပ်သိမ်းပါပြီ။ ဖုန်းနဲ့ ဆိုင်ကယ်ဝယ်ဖို့ ပိုက်ဆံ စုနေပါတယ်။ ဆိုင်ကယ်ကတော့ မိုးတွင်း ရွာပြန်ရင် စီးချင်လို့ပါ။ ဖုန်းကတော့ သီချင်းနားထောင်၊ ရုပ်ရှင်ကြည့်လို့ ရတာပေါ့။

အင်ဂျင်နီယာဖြစ်ချင်တယ်။ လမ်းခင်းတဲ့ဆိုဒ်တွေမှာဆို သူတို့က ဆရာလုပ်ပြီး သူများတွေကို ခိုင်းနေတာ မြင်ဘူးတယ်။ အခုတော့ ကျောက်ပဲ ထုနေရတယ်။

ရေးသားသူ – ခွန်ကျော်ကျော်နှင့် ခွန်ပန်းအောင်

## အလုပ်သမားစစ်ဆေးရေးအရာရှိများ၏ ကြိုတင်ပြင်ဆင်ခြင်း

အလုပ်သမားစစ်ဆေးရေးအရာရှိများသည် တိုင်ကြားမှုကိုစောင့်ဆိုင်းပြီးမှတုံ့ပြန်ခြင်းထက် ကြိုတင် စစ်ဆေးခြင်းက ပိုမိုထိရောက်သောကြောင့် အထောက်အကူဖြစ်စေမည့် မဟာဗျူဟာမြောက် လိုက်နာရမည့် အစီအစဉ်တစ်ခုရှိထားရန် လိုအပ်ပါသည်။ ထိုစစ်ဆေးရေးအရာရှိများသည် တိုင်ကြားမှုများအပြင် ရုပ်ရှာသတင်းအချက်အလက်များမှရရှိထားမှုများနှင့် ကလေးအလုပ်သမား၏ အကြောင်းအရာကိုမူတည်၍ အန္တရာယ်ကြီးမားသော ကဏ္ဍများတွင် ထိရောက်စွာအရေးယူမှုကို ဦးစားပေးနိုင်ပါသည်။

### ကလေးအလုပ်သမားစုံစမ်းစစ်ဆေးရေး

**ကလေးအလုပ်သမားကိစ္စ ဖော်ထုတ်တယ်။**

**အလုပ်ရှင်က ပြုပြင်ရန် အဆင်သင့်ဖြစ်နေလျှင်**

တစ်ခါတရံအလုပ်ရှင်များသည် ကလေးအလုပ်သမားဥပဒေများနှင့် ၎င်းတို့၏အကျိုးသက်ရောက်မှုတို့ကို သိရှိထားမှုသည် အကန့်အသတ်ရှိနေသောကြောင့် ဥပဒေများကို ချိုးဖောက်တတ်ကြပါသည်။ အကယ်၍ အလုပ်ရှင်က ထိုအကြောင်းအရာအား ပြန်လည်ပြုပြင်ရန် အသင့်ဖြစ်နေလျှင် အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများသည် အလုပ်သမားများနှင့် အလုပ်ရှင်များအား ပညာပေးနိုင်ပြီး အရေးယူမှုချမှတ်ရန် မလိုပေ။

**အလုပ်ရှင်က ပြုပြင်ရန် အဆင်သင့်ဖြစ်မနေလျှင်**

အကယ်၍ အလုပ်ရှင်က ဥပဒေကိုအကြိမ်ကြိမ်ချိုးဖောက်ပါက အလုပ်သမားစစ်ဆေးရေးအရာရှိများသည် အလုပ်ရှင်အား အပြစ်ပေးခြင်း သို့မဟုတ် အရေးယူမှုများချမှတ်နိုင်ပါသည်။ ယင်း၏ ရည်ရွယ်ချက်မှာ ကလေးအလုပ်သမားကိုကြိုတင်ကာကွယ်ရန်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ အပြစ်ပေးရန်မဟုတ်ပေ။

### အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်များ

**“သင်ခန်းစာ ၁ – ကလေးအလုပ်သမားကိစ္စက ဘယ်လောက်အရေးကြီးပါသလဲ”** မှ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) က ဘာတွေလဲဆိုတာကို သင်မှတ်မိဦးမှာပါ။

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုတို့သည် အလုပ်ကြမ်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအတွက် ကလေးများအား လူကုန်ကူးခြင်းတို့ကဲ့သို့ WFCL ဖြစ်စဉ်များနှင့် ဆက်စပ်နေသည်။ ထိုလုပ်ရပ်များသည်ကလေးအလုပ်သမားဆိုင်ရာဥပဒေများကိုသာမက ပြစ်မှုဆိုင်ရာဥပဒေကိုလည်း ချိုးဖောက်သည့် ညှဉ်းပန်းနှိပ်စက်မှုပုံစံများဖြစ်ပါသည်။

## WFCL ဖြစ်စဉ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့လျှင် အလုပ်သမား စစ်ဆေးရေးအရာရှိများ မည်သို့လုပ်ဆောင်မည်ဟု သင်ထင်ပါသနည်း။




အကယ်၍ အလုပ်သမားစစ်ဆေးရေးအရာရှိများက WFCL ဖြစ်စဉ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့လျှင် ၎င်းတို့သည်

- ကလေးများအား ၎င်းတို့၏လုပ်ငန်းခွင်မှ ဖယ်ရှားနိုင်ရန် လုပ်ဆောင်ရပါမည်။
- ထိုဖြစ်စဉ်အား လူမှုဖူလုံရေးဌာနသို့ လွှဲပြောင်းရပါမည်။
- ထိုဖြစ်စဉ်အား ထပ်မံစုံစမ်းစစ်ဆေးမှုနှင့် ရာဇဝတ်မှုဆိုင်ရာစွဲချက်များ စွဲဆိုနိုင်ခြေအတွက် ရဲတပ်ဖွဲ့နှင့် အစိုးရရှေ့နေရုံးထံ လွှဲပြောင်းရပါမည်။
- အကယ်၍ ကလေးသည် လူကုန်ကူးမှုကဲ့သို့ ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုတစ်ခု၏ သားကောင်ဖြစ်ခဲ့လျှင် ထိုဖြစ်စဉ်အား အလုပ်သမားစစ်ဆေးရေးနှင့် ရဲတပ်ဖွဲ့ နှစ်ခုစလုံးထံ လွှဲပြောင်းပေးရပါမည်။
- အနီးဆုံးရှိ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးသို့ သတင်းပို့ရပါမည်။

## လေ့လာမှုမှတ်တိုင်

အလုပ်သမားစစ်ဆေးရေးအရာရှိတစ်ဦးက စက်ရုံတစ်ရုံတွင် ကလေးအလုပ်သမားဖြစ်စဉ်တစ်ခုကို တွေ့ရှိခဲ့ပါသည်။ ထိုကလေးသည် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရခြင်းမရှိချေ။ အလုပ်ရှင်က သူတို့သည် ဥပဒေကိုသတိမထားမိကြောင်းနှင့် ထိုအမှားကို ပြန်လည်ပြင်ဆင်မည်ဟု ကတိပြုခဲ့ပါသည်။

**အလုပ်သမား စစ်ဆေးရေးအရာရှိက မည်သည့်တုံ့ပြန်အရေးယူမှုဆောင်ရွက်သင့်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က အလုပ်ရှင်နှင့် အလုပ်သမားများအား ကလေးအလုပ်သမားအကြောင်းအရာနှင့် အလုပ်သမားဥပဒေတို့ကို ပညာပေးပါ။

☐ ခ ပြင်းထန်သောဖြစ်စဉ်များတွင် အလုပ်ရှင်အား ငွေဒဏ်ပေးဆောင်ရန်ညွှန်ကြားနိုင်ပြီး ကျူးလွန်သူများအား တရားရုံးသို့ပို့ဆောင်နိုင်ပါသည်။

☐ ဂ လူငယ်အလုပ်သမားတစ်ဦးသည် အကူအညီလိုအပ်နေကြောင်း ၎င်းတို့က ထင်မြင်ပါက လူမှုဖူလုံရေးဌာနကိုဆက်သွယ်ကာ အကြောင်းကြားရပါမည်။

☐ ဃ အလုပ်ရှင်အား ကလေးအလုပ်သမားနှင့်ဆက်နွယ်၍ လုပ်ငန်းခွင်အခြေအနေကိုပြင်ဆင်ရန် လိုအပ်သော တိုးတက်ရေး/ လိုက်နာရေးညွှန်ကြားချက်ကို သတိပေးစာထုတ်ပြန်ပေးရပါမည်။

သင်ခန်းစာ ၅/၆

# မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၅။ **အလုပ်သမားစစ်ဆေးရေးအရာရှိများ၏ အခန်းကဏ္ဍ** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

## မေးခွန်း ၁ / ၂

ဆာသည် အသက် ၁၃ နှစ်သားဖြစ်ပါသည်။ သူသည် မူလတန်းပညာရေးကို ပြီးမြောက်ထားပြီး အလယ်တန်းပညာရေးကို တက်ရောက်ချင်နေပါသည်။ သူ၏ ဖခင်ကမူ ၎င်း၏ပညာရေးအတွက် မတတ်နိုင်သဖြင့် ၎င်း၏ဦးလေးဖြစ်သူ၏ မော်တာပြင်အလုပ်ရုံတွင် ဆာအား အကူသဘောအဖြစ် စေလွှတ်ခဲ့ပါသည်။ မော်တာပြင်အလုပ်ရုံတွင် ဆာသည် နည်းလမ်းတကျသင်ကြားပေးမှုမရရှိဘဲ စက်ပြင်များ၏ အကူအဖြစ်သာ လုပ်ကိုင်ရပါသည်။ တစ်စုံတစ်ဦးက ထိုအကြောင်း နှင့်ပတ်သက်၍ အလုပ်သမားဦးစီးဌာနသို့တိုင်ကြားခဲ့ပြီး အလုပ်သမားစစ်ဆေးရေးအရာရှိသည် ထိုအလုပ်ရုံကိုစစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရပါသည်။ အလုပ်ရှင်က အလုပ်သမားစစ်ဆေးရေးအရာရှိအား ဝရမ်း/ အမိန့်မပါဟုဆိုကာ ၎င်း၏လုပ်ငန်းခွင်သို့ ဝင်ရောက်စစ်ဆေးခွင့်ကို ငြင်းပယ်ခဲ့ပါသည်။

**အလုပ်သမား စစ်ဆေးရေးအရာရှိက မည်သို့လုပ်ဆောင်ရပါမည်နည်း။**

သင့်လျော်သောအဖြေများကို ရွေးချယ်ပါ။

- ☐ က — လုပ်ငန်းခွင်အား စုံစမ်းစစ်ဆေးမည့်အချိန်နှင့် နေ့ရက်ကို အလုပ်ရှင်ထံ အသိပေးကြေညာပါ။
- ☐ ခ — ဒေသဆိုင်ရာ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးကောလိပ်တွင် စက်ပြင်သင်တန်းများအတွက် ဆာ၏ လိုအပ်ချက်များပါဝင်နိုင်သည့် လုပ်ဆောင်ရမည့်တာဝန်များကို အလုပ်ရှင်ထံ ထုတ်ပြန်ပါ။
- ☐ ဂ — ဆာ၏ အသက်၊ ၎င်းလုပ်ကိုင်နေရသည့် အလုပ်အမျိုးအစားနှင့် အလုပ်ချိန်တို့ကို အတည်ပြုပါ။
- ☐ ဃ — ဆာအား စာသင်ကျောင်း သို့မဟုတ် ကျောင်းပြင်ပပညာရေး သင်ယူနိုင်ရန်ပို့ဆောင်ခြင်းဖြင့် ဆာ၏ ဦးလေးအား ထိုအခြေအနေနှင့်ပတ်သက်၍ နားလည်စေရန် ကူညီပေးပါ။

# မေးခွန်း ၂/ ၂

နှင်းသည် ဖခင်ဖြစ်သူကွယ်လွန်သွားသောကြောင့် ၄ တန်း အပြီးတွင် ကျောင်းမှထွက်ခဲ့ရပါသည်။ သူမသည် ယခုအခါ အသက် ၁၆ နှစ်ရှိပြီဖြစ်ပြီး သူမ၏ မိခင်နှင့်အတူ မိသားစုကုန်စုံဆိုင်တွင် အချိန်ပြည့်အလုပ်လုပ်နေပါသည်။ သူမသည် မကြာခင်က သူမ၏မူလတန်းပညာရေးပြီးမြောက်ရန် ညနေပိုင်းအတန်းများကို တက်ရောက်ခဲ့ပါသည်။ သူမ၏မိခင်သည် နှင်းအား အတန်းတက်ရန်အတွက် ဆိုင်မှ စောစောထွက်ခွင့်ပြုခြင်းဖြင့် ၎င်း၏ ပညာရေးကို ထောက်ပံ့ပေးပါသည်။ နှင်းမှ ကျောင်းစာများအား လေ့လာနိုင်ရန် ၎င်း၏ မောင်နှမများကလည်း အိမ်အလုပ်များ ကို ကူလုပ်ပေးပါသည်။ သူမသည် တစ်နေ့တွင် စာရင်းကိုင် တစ်ဦးဖြစ်ချင်သောကြောင့် အလယ်တန်းပညာရေးကို သင်ယူနိုင်မည်ဟု မျှော်လင့်ထားပါသည်။

**သင်သည် နှင်း၏အခြေအနေကို သိရှိရန်၎င်း၏ဆိုင်အား သွားရောက်ပါ။ တာဝန်သိပြည်သူတစ်ယောက်အနေဖြင့် သင်သာလုပ်သင့်ပါသနည်း။**

သင့်လျော်သောအဖြေများကို ရွေးချယ်ပါ။

- ☐ က — ကလေး အလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်အား အလုပ်သမားဝန်ကြီးဌာနရုံးသို့ တိုင်ကြားပါ။
- ☐ ခ — နှင်း၏မိခင်အား နှင်းကို ကျောင်းသို့အချိန်ပြည့်တက်စေသင့်ကြောင်း ပြောပြပါ။
- ☐ ဂ — နှင်း၏ညနေပိုင်းအတန်းများ တက်နိုင်ရန် ထောက်ပံ့မှုအတွက် ၎င်း၏မိခင်ကို အသိအမှတ်ပြုပါ။
- ☐ ဃ — ညနေပိုင်းအတန်းများမှာ မလုံလောက်သောကြောင့် နှင်းအား အချိန်ပြည့်ကျောင်းတက်ရန် စည်းရုံးပါ။

သင်ခန်းစာ ၆/၆

# ▶ အနှစ်ချုပ်

ယခုသင်ခန်းစာကို သင် မပိတ်လိုက်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်ပါသည်။ အရေးကြီးသော မှတ်သားစရာများအတွက် အောက်တွင် ဖတ်ရှုပါ။

## အလုပ်သမားစုံစမ်းစစ်ဆေးရေး

အလုပ်သမားစုံစမ်းစစ်ဆေးရေးသည် တိုင်ကြားမှုကြောင့် သို့မဟုတ် မတော်တဆဖြစ်ရပ်တစ်ခုကြောင့် ပုံမှန်ပြုလုပ်နေကျအတိုင်း သို့မဟုတ် စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ပါသည်။ အလုပ်သမားဥပဒေအားလုံးသည် လုပ်ငန်းခွင်၌ လိုက်နာရန်နှင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ မည်သည့်လက္ခဏာကိုမဆို အလုပ်သမားစစ်ဆေးရေးအရာရှိက စစ်ဆေးရပါမည်။

## ကလေးအလုပ်သမားဖြစ်စဉ်အား ဖြေရှင်းရာတွင် အလုပ်သမားစစ်ဆေးရေးအရာရှိ၏အခန်းကဏ္ဍ

အကယ်၍ စုံစမ်းစစ်ဆေးမှုအတွင်း ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်ရပ်တစ်ခုကို တိုင်ကြားခံရခြင်း သို့မဟုတ်ဖော်ထုတ်ခြင်း ဖြစ်ခဲ့လျှင် အလုပ်သမားစစ်ဆေးရေးအရာရှိသည် အခြေအနေအရ သင့်လျော်သော တုံ့ပြန်မှုများဆောင်ရွက်ရပါမည်။ ယင်းတွင် အလုပ်ရှင်များနှင့် ဝန်ထမ်းများအား အလုပ်သမားဥပဒေများနှင့် ပတ်သက်၍ ပညာပေးမှုမှသည် ထိုဖြစ်စဉ်အား ရဲစခန်းကို တိုင်ကြားခြင်းအထိ ကွဲပြားနိုင်ပါသည်။ ယင်းသည် ထိုဖြစ်စဉ်၏ ထိခိုက်ပြင်းထန်မှုနှင့် အလုပ်ရှင်က ပြန်လည်ပြုပြင်ရန် ဆန္ဒရှိမှုတို့အပေါ်မူတည်ပါသည်။ အလုပ်သမားစစ်ဆေးရေးအရာရှိသည် WFCL ဖြစ်စဉ်များတွင် လေးလေးနက်နက်ကိုင်တွယ်ရပြီး ကလေးကုန်ကူးခြင်းကဲ့သို့ ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုဖြစ်လာခဲ့လျှင် ရဲတပ်ဖွဲ့ထံ သတင်းပို့ရပါမည်။

## မည်သူမဆို ကလေးအလုပ်သမားဖြစ်စဉ်ကို သတင်းပို့နိုင်ပါသည်။

မည်သူမဆို ထိုကိစ္စအား အလုပ်သမားဝန်ကြီးဌာန သို့မဟုတ် အလုပ်သမားစုံစမ်းစစ်ဆေးရေးအဖွဲ့ထံ သတင်းပို့ရပါမည်။ ထိုဖြစ်စဉ်သည် ဆိုးရွားပြင်းထန်လျှင် ရဲတပ်ဖွဲ့ထံ အကြောင်းကြားရပါမည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- ILO. 2015. *A Legal Review of National Laws and Regulations Related to Child Labour in Myanmar in Light of International Laws and Standards.*
- ILO. 2018. "Combatting Child Labour: A Course for Labour Inspectors".
- ILO. 2018. *Combating Child Labour in Myanmar: A Course for Civil Society - Supplemental Information.*
- ILO. 2020. *A Legal Review of National Laws and Regulations Related to Child Labour in Myanmar in Light of International Laws and Standards.*


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၅

## လေ့လာမှုမှတ်တိုင်

မည်သည့်အချက်များက အလုပ်သမားစစ်ဆေးရေးအရာရှိ၏ အခန်းကဏ္ဍကို ရှင်းပြသနည်း။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အလုပ်သမားစစ်ဆေးရေးအရာရှိ၏ တာဝန်များမှာ အလုပ်ခွင်အခြေအနေများကို စစ်ဆေးခြင်း၊ အလုပ်ရှင်များနှင့် အလုပ်သမားများအား ကလေးအလုပ်သမားရေးရာဥပဒေများကို မည်ကဲ့သို့ လိုက်နာရမည်ကို အသိပေးခြင်းနှင့် အကြံပေးခြင်း၊လူငယ်အလုပ်သမားများ၏အသက်အရွယ်ကို အတည်ပြုခြင်းတို့ ဖြစ်ပါသည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၈

## လေ့လာမှုမှတ်တိုင်

အလုပ်သမားစစ်ဆေးရေးအရာရှိက မည်သည့်တုံ့ပြန်အရေးယူမှုဆောင်ရွက်သင့်ပါသနည်း။

ရွေးချယ်စရာများထဲက (က)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကလေးမှာ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရခြင်းမရှိဘဲ အလုပ်ရှင်မှလည်း ၎င်းတို့၏လုပ်ရပ်များကို ပြင်ဆင်ရန် အသင့်ဖြစ်နေသောကြောင့် အလုပ်သမားစစ်ဆေးရေး အရာရှိသည် အလုပ်ရှင်နှင့် အလုပ်သမားများအား ကလေးအလုပ်သမား ခိုင်းစေခြင်းနှင့် အလုပ်သမားဥပဒေအကြောင်းများကို ပညာပေးသင့်ပါသည်။ လူငယ်အလုပ်သမားတစ်ဦးသည် အကူအညီယူရန် လိုအပ်နေသည်ဟုထင်ပါက ၎င်းတို့သည် လူမှုဖူလုံရေးဌာနသို့ အကြောင်းကြားနိုင်ပါသည်။ အလုပ်ရှင်အား ကလေးအလုပ်သမား နှင့် ဆက်နွယ်သော လုပ်ငန်းခွင်အခြေအနေများအား ပြင်ဆင်ရန် လိုအပ်သော တိုးတက်မှု/ လိုက်နာရန်ညွှန်ကြားချက် သတိပေးစာကို ၎င်းတို့က ထုတ်ပေးနိုင်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၈

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၂

အလုပ်သမားစစ်ဆေးရေးအရာရှိက မည်သို့လုပ်ဆောင်ရပါမည်နည်း။

ရွေးချယ်စရာများထဲက (ခ)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အလုပ်သမားစစ်ဆေးရေးအရာရှိသည် ဒေသတွင်းအသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးကောလိပ်တွင် မော်တာပြင်သင်တန်းများအတွက် လိုအပ်သောအရာများပါဝင်နိုင်သည့် လုပ်ဆောင်ရမည့်တာဝန်အား အလုပ်ရှင်ထံ ထုတ်ပြန်နိုင်ပါသည်။ ဆာ၏ အသက်၊ ၎င်းလုပ်ကိုင်နေရသည့် အလုပ်အမျိုးအစားနှင့် အလုပ်ချိန်တို့ကို အတည်ပြုရပါမည်။ ဆာသည် အသက် ၁၃ နှစ်ရှိပြီး မူလတန်းပညာရေး ပြီးဆုံးထားလျှင်ပင် အချိန်အပြည့်အလုပ် မလုပ်သင့် သေးပါ။ အလုပ်သမားစစ်ဆေးရေးအရာရှိသည် ဆာအား စာသင်ကျောင်း၊ ကျောင်းပြင်ပ ပညာရေးသို့ တက်ရောက်နိုင်ရန် ပို့ဆောင်ပေးခြင်းဖြင့် ဆာ၏ ဦးလေးအား ထိုအခြေအနေနှင့်ပတ်သက်၍ နားလည်စေရန်ကူညီပေးနိုင်ပါသည်။

မေးခွန်း ၂/၂

သင်သည် နှင်း၏အခြေအနေကို သိရှိနိုင်ရန် ၎င်း၏ဆိုင်အား သွားရောက်ပါ။ တာဝန်သိပြည်သူတစ်ဦးအနေဖြင့် သင်ဘာလုပ်သင့်ပါသနည်း။

ရွေးချယ်စရာများထဲက (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

နှင်းသည် အသက် ၁၆ နှစ်ရှိနေပြီဖြစ်သောကြောင့် ယင်းအသက်အရွယ်တွင် ကျောင်းအချိန်အပြည့်တက်ခိုင်းရန် ၎င်းအတွက် သက်သောင့် သက်သာမဖြစ်စေပါ။ နှင်းသည် ဆိုင်၌အချိန်ပြည့်လုပ်နေ သော်လည်း ၎င်း၏မိခင်က ယခုအခါ နှင်း၏ပညာရေးကို ထောက်ပံ့နေသောကြောင့် ကလေးအလုပ်သမားဖြစ်စဉ်အတွက် တိုင်ကြားချက်မှာ သင့်တော်မှုမရှိပါ။ ကူညီခြင်း၏ ရည်ရွယ်ချက်မှာ အသိပညာဗဟုသုတပေးရန်ဖြစ်ပြီး အပြစ်ပေးရန်မဟုတ်ပေ။ ပညာ၏အရေးပါမှုကို နားလည်မှုနှင့် နှင်းအား နှောင့်နှေးနေလျှင်ပင် ၎င်း၏အခြေခံအခွင့်အရေးရရှိနိုင်ရန် ထောက်ပံ့ပေးသည့် ၎င်း၏မိခင်အား အသိအမှတ်ပြုသင့်ပါသည်။

## မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

### ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့် အတူ ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့် အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။ "မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်" သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။

ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0